စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# အမေရိကန်ဘာသာစကား
# အသုံးပြုမှုနှင့် သဒ္ဒါ

# THE USAGE AND GRAMMAR OF AMERICAN ENGLISH

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

mgyoe.com

mgyoe.com

အမေရိကန်ဘာသာစကား အသုံးပြုမှုနှင့် သဒ္ဒါ၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)
စာမျက်နှာ ၉၂ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူ၏အမှာ | က |
| 1. | Word Forms (စကားလုံးပုံစံများ) | ၁ |
| 2. | Verb Forms (ကြိယာပုံစံများ) | ၆ |
| 3. | Pronoun (နာမ်စား) | ၁၀ |
| 4. | Possessive Pronouns (ပိုင်ဆိုင်မှုပြနာမ်စားများ) | ၁၅ |
| 5. | Prepositions (ဝိဘတ်များ) | ၁၈ |
| 6. | Other Determiner Errors (အခြား determiner အမှားများ) | ၂၃ |
| 7. | Homonyms (သံတူကြောင်းကွဲစကားလုံးများ) | ၂၇ |
| 8. | Other confused words and Capitalization (အခြားရှုပ်ထွေးသောစကားလုံးများနှင့် စာလုံးကြီးဖြင့်ရေးသားခြင်း) | ၃၂ |
| 9. | Thesis Statement | ၃၅ |
| 10. | Main Ideas to support thesis | ၃၉ |


mgyoe.com

mgyoe.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| 11. | Main Ideas (အဓိက အိုင်ဒီယာများ) | ၄၃ |
| 12. | Topic Sentence (အကြောင်းအရာပြဝါကျ) | ၄၆ |
| 13. | Supporting Ideas (အထောက်အကူပြု အိုင်ဒီယာများ) | ၄၉ |
| 14. | Conclusion | ၅၃ |
| 15. | Persuasive Essay ရေးသားနည်း | ၅၆ |
| 16. | Noun clauses | ၅၉ |
| 17. | Verb Tenses in Noun Clauses | ၆၄ |
| 18. | Omitting Clause markers (Clause markers များကို ချန်လှပ်ထားခြင်း) | ၆၉ |
| 19. | Reduced Adjective Clauses (လျှော့ချထားသော Adjective Clauses) | ၇၂ |
| 20. | Adjective Clauses | ၇၆ |
| 21. | Adverb Clause Markers | ၇၉ |
| 22. | Adverb Clause | ၈၃ |
| 23. | Two Forms of Reduced Adverb Clause | ၈၆ |
| 24. | Complex sentences | ၈၉ |


mgyoe.com

mgyoe.com

# စာရေးသူ၏ အမှာစာ

စာရေးသူငယ်စဉ်က သဒ္ဒါကို စတင်သင်ကြားခဲ့ရသည်။ သည်အခါ အင်္ဂလိပ်သဒ္ဒါ (English Grammar) ၏ အသုံးဝင်မှုနှင့် အခြေခံသဘောတရားများကို သိရှိလေ့လာခွင့် ရရှိခဲ့သည်။ အထက်တန်းကျောင်းသားဘဝမှစ၍ ရန်ကုန်စက်မှုတက္ကသိုလ်တက်သည့်တိုင်အောင် အင်္ဂလိပ်စာနှင့် မကင်းခဲ့ချေ။ ထိုစဉ်က စာရေးသူလေ့လာခဲ့သည်မှာ Britsh English နှင့်ပတ်သက်သောစာအုပ်များဖြစ်သည်။

ရန်ကုန်စက်မှုတက္ကသိုလ်မှ ဘွဲ့ရပြီး အစိုးရအလုပ်မလုပ်ခင် မိမိလေ့လာထားသော သဒ္ဒါ (Grammar) ဖြင့် ပဉ္စမတန်းမှ ဒသမတန်းအထိ English ဘာသာရပ်ကို သင်ကြားခဲ့သည်။ ထိုစဉ်က ခေတ်စားခဲ့သော ကျူရှင်ကျောင်းတွင် ဖြစ်သည်။ စာရေးသူအစိုးရအရာရှိအဖြစ် အမှတ်(၁)စက်မှုဝန်ကြီးဌာနတွင် အလုပ်လုပ်နေစဉ် အစိုးရပညာသင် (State Scholarship) အဖြစ်ရွေးချယ်ခံရပြီး ၁၉၈၇ ခုနှစ်တွင် ဗြိတိန်နိုင်ငံတွင် ဘွဲ့လွန်ဒီပလိုမာဘွဲ့ယူရန်တစ်နှစ်ပညာသင်သွားရောက်ခဲ့ရသည်။ ထိုစဉ်က နိုင်ငံခြားဘာသာသိပ္ပံတွင် အကြိုသင်တန်းတက်ရပြီး စာမေးပွဲဖြေဆိုကာ ဗြိတိန်နိုင်ငံသို့ ပညာသင်သွားခဲ့ရသည်။ ဘွဲ့လွန်ဒီပလိုမာသင်ရင်း အင်္ဂလိပ်ဘာသာစကားကို ပိုမိုလေ့လာချင်စိတ် ပြင်းပြလာခဲ့သည်။

အစိုးရအလုပ်မှထွက်ပြီး နိုင်ငံခြားကုမ္ပဏီများတွင် အလုပ်လုပ်ခဲ့သောအခါ အင်္ဂလိပ်ဘာသာစကား၏ အရေးပါမှုသည် Communication တွင် မရှိမဖြစ်လိုအပ်လာသည်။ ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် MPA ဘွဲ့အတွက်ဆည်းပူးရင်း American English နှင့် ဆက်နွယ်သော TOFEL, SAT, GMAT နှင့် GRE တို့ကို သင်ကြားခွင့်ရရှိသောအခါ American English Grammar

mgyoe.com

mgyoe.com

၏ အသုံးပြုမှုကို စိတ်ဝင်စားလာသည်။ အခြားတစ်ဖက်တွင် British English နှင့် ဆက်နွယ်သော IELTs ကိုလည်းသင်ကြားနေရသည်။ British English နှင့် American English ၏ ကွဲပြားခြားနားမှုကို တပည့်များအား ပညာသင်ကြားပေးရင်း ပိုမိုသိရှိလာခဲ့သည်။

ယနေ့ခေတ် တက္ကသိုလ် Text Book များစွာတွင် American English ၏ Usage နှင့် Grammar ကို တွေ့ရှိနေရသည်။ စကောလားရှစ် (ပညာသင်)လျှောက်ထားသော တပည့်များသည်လည်း American English ကို လေ့လာနေကြသည်ကို တွေ့ရသည်။ ဤသည်ကြောင့် စာရေးသူအနေဖြင့် ယခုစာအုပ်ပါ ဆောင်းပါးများကို The Light of English မဂ္ဂဇင်းတွင် ရေးသားခဲ့ပါသည်။ လစဉ်ထည့်သွင်းဖော်ပြပေးသော ဆရာဦးမြင့်ဦး(ဆုစာပေ)အား ကျေးဇူးတင်ရှိပါသည်။

ဤစာအုပ်သည် American English အသုံးပြုမှု (Usage) နှင့် သဒ္ဒါ (Grammar) ကို စတင်လေ့လာသူများနှင့် နိုင်ငံခြားပညာသင်သွားရောက်မည့်သူများအတွက် အထောက်အကူ တစ်စိတ်တစ်ဒေသ ဖြစ်သည်ဆိုငြားအံ့။ ဤစာအုပ်ကို ပြုစုရကျိုးနပ်ပါပြီ။

**စေတနာအနန္တဖြင့်**
**မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)**
**B.E (Chemical), MPA, DIR, DBL, DIL, DML,**
**Diploma in Textile Technology (U.K)**
**ဖုန်း - ၀၉ ၅၀၈ ၇၄၇၉**
**အမှတ် (150/B)၊ ဗားကရာလမ်းနှင့် ပန်းခြံလမ်းထောင့်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**

mgyoe.com

mgyoe.com

# The Usage and Grammar for TOEFL iBT
## အတွက် အသုံးအနှုန်းနှင့် သဒ္ဒါ

## (1) Word Forms စကားလုံးပုံစံများ

စကားလုံးတစ်လုံးတွင် ဆက်နွယ်နေသောပုံစံများ ရှိသည်။

**Noun** : *The decision was two months ago.*
*ဆုံးဖြတ်ချက်ကို လွန်ခဲ့တဲ့ နှစ်လက ချခဲ့တယ်။*

**Verb** : *We decided to move to a larger house.*
*ကျွန်တော်တို့ဟာ ပိုမိုကြီးမားတဲ့ အိမ်တစ်အိမ်ကို ပြောင်းရွှေ့ဖို့ ဆုံးဖြတ်ခဲ့တယ်။*

**Adjective** : *His decisive action brought order to the meeting.*
*သူ့ရဲ့ ဆုံးဖြတ်တတ်တဲ့ ဆောင်ရွက်မှုက အစည်းအဝေးသို့ အမိန့်ကို သယ်ဆောင်ခဲ့တယ်။*

**Adverb** : She acted very decisively.
သူမဟာ အလွန်ပဲ ဆုံးဖြတ်ချက်ကျစွာ ဆောင်ရွက်ခဲ့တယ်။

Nouns တွေဟာ လူတွေ၊ နေရာတွေ၊ ရုပ်ပိုင်းဆိုင်ရာ၊ အရာဝတ္ထုတွေ၊ အယူအဆတွေနဲ့ ဆောင်ရွက်မှုတွေကို ဖော်ပြဖို့ အသုံးပြုတယ်။

**Subject** : *The doctor came immediately.*
ဆရာဝန် ရုတ်တရက် ရောက်လာခဲ့တယ်။

**Compliment** : *My father is a doctor.*

**Object** : *We saw a doctor.*

mgyoe.com

mgyoe.com

- ကြိယာ (verb)တွေကို subject တစ်ခုရဲ့ ဆောင်ရွက်မှု (သို့မဟုတ်) အခြေအနေကို ဖော်ပြပါတယ်။ Verb တွေဟာ number နဲ့ လူတွေနဲ့ agree ဖြစ်ရပါမယ်။

e.g *Phyu Phyu jogs around the lake everyday.*

*ဖြူဖြူဟာ နေ့တိုင်း ကန်ပတ်လည်မှာ ပြေးလိုက် လမ်းလျှောက်လိုက် လုပ်တယ်။*

*Thi Thi was upset with us for leaving her behind.*

*သူမကို ချန်ထားတဲ့အတွက် သီသီက ကျွန်တော်တို့အပေါ် စိတ်မသက်မသာ ဖြစ်ခဲ့တယ်။*

- Adjective တွေဟာ Noun ကို modify လုပ်တဲ့ စကားလုံးတွေ ဖြစ်တယ်။ Adj ကို အနည်းကိန်းနဲ့ အများကိန်းတွေနဲ့ တွဲသုံးတယ်။

e.g *The old man was carrying several brown paper bags.*

**Adj N** **Adj** **N**

*အဘိုးကြီးဟာ အညိုရောင် စက္ကူအိတ်များစွာကို သယ်ဆောင်နေခဲ့တယ်။*

*These heavy books belonged to his father.*

*သည်လေးတဲ့စာအုပ်တွေကို သူ့အဖေက ပိုင်ဆိုင်ခဲ့တယ်။*

- Adjective တွေမှာ Position နှစ်ခု ရှိသည်။ ယင်းတို့သည် ယင်းတို့ ဖော်ပြသော Noun ရှေ့တွင် ရှိသည်။ (သို့မဟုတ်) Adjective ကို Subject နှင့် ချိတ်ဆက်သော Verb ရှေ့တွင် ရှိသည်။

e.g *We had a wonderful meal at the new restaurant.*

**Adj** **N**

*ကျွန်တော်တို့ဟာ စားသောက်ဆိုင်အသစ်မှာ အံ့ဩဖွယ်ရာ အစားအစာတွေ စားခဲ့ရတယ်။*

e.g *The restaurant is becoming very popular.*

**N**

*စားသောက်ဆိုင်ဟာ အလွန်ပေါ်ပြူလာ ဖြစ်လာနေတယ်။*

mgyoe.com

mgyoe.com


- Adverbs သည် Verb, Adjective နှင့် အခြား Adverb များကို Modify ပြုလုပ်သည်။ Adjective ကဲ့သို့ Adverb တွင် အနည်းအများ ပုံစံမရှိချေ။

e.g *The soldier fought bravely.*

**V adv**

*စစ်သားသည် ရဲရဲစွာ တိုက်ခိုက်ခဲ့သည်။*

e.g *I am very fond of coffee.*

**Adv Adj**

*ကျွန်တော်သည် ကော်ဖီကို အလွန်နှစ်သက်သည်။*

e.g *Soe Soe speaks too quickly.*

**Adv Adj**

*စိုးစိုးဟာ အလွန်လျင်မြန်စွာ ပြောဆိုတယ်။*

- Adverb များသည် ကွဲပြားသော နေရာများစွာတွင် အသုံးပြုနိုင်သည်။

e.g *Frequently, I eat out.*

*မကြာခဏဆိုသလို ကျွန်တော် အပြင်ထွက်စားတယ်။*

e.g *I frequently eat out.*

*ကျွန်တော်ဟာ မကြာခဏဆိုသလို အပြင်ထွက်စားတယ်။*

e.g *I eat out frequently.*

Adverb အများစုသည် Adjective ကို -ly တပ်သည်။

e.g *He was a brave soldier.*

**Adj**

*He fought bravely.*

**Adv**

*သူဟာ ရဲရဲစွာ တိုက်ခိုက်ခဲ့သည်။*

mgyoe.com

mgyoe.com

▶ အချို့ Adverb နှင့် Adjective တို့သည် တူညီကြသည်။

e.g *late* *late*

*နောက်ကျသော* *နောက်ကျစွာ*

*(Adj)* *(Adv)*

## Clause

ဝါကျများကို clause များနှင့် ဖွဲ့စည်းထားသည်။ Clause ဟူသည် subject နှင့် verb ပါရှိသော စကားလုံးအုပ်စု ဖြစ်သည်။

## Independence Clause

Independent clause သည် subjec နှင့် verb ပါရှိပြီး ပြည့်စုံသော အိုင်ဒီယာတစ်ခုကို ဖော်ပြသည်။

Independent clause တွင် ဝါကျပုံစံ သုံးမျိုးရှိသည်။ ယင်းတို့မှာ–

1. simple sentence
2. compound sentence
3. complex sentence တို့ ဖြစ်သည်။

## Simple sentence

Subject တစ်ခုနှင့် verb တစ်ခု ပါရှိသော independent clause တစ်ခုဖြင့် ဖွဲ့စည်းထားသည်။

e.g *The cat ran under the tree.*

**S V**

*သစ်ပင်အောက်မှာ ကြောင် ပြေးသွားခဲ့တယ်။*

## Compound sentence

Compound sentence တွင် independent နှစ်ခု (တစ်ခါတစ်ရံ နှစ်ခုထက်) ပါရှိပြီး conjunction and, but, or, not, or yet စသည်တို့ဖြင့် ဆက်သွယ်ထားသည်။

e.g *The cat ran and the dog chased it.*

**S V S V**

*ကြောင်က ပြေးခဲ့ပြီး ခွေးက ယင်းကို လိုက်ဖမ်းခဲ့သည်။*

mgyoe.com

mgyoe.com

**Complex sentence**

Complex sentence များသည် တစ်ခု (သို့) တစ်ခုထက်ပိုသော independent clauses နှင့် တစ်ခု(သို့) တစ်ခုထက်ပိုသော dependent clauses များနှင့် ဖွဲ့စည်းထားသည်။ Dependent clause သည် မပြည့်စုံသော ဝါကျဖြစ်သည်။ ယင်းသည် independent clause နှင့် ချိတ်ဆက်ရန် လိုအပ်သည်။

e.g *The cat that I saw.*
*ကျွန်တော် တွေ့ခဲ့သော ကြောင်။*

e.g *Last night the black cat that I saw in the street ran*
**S** **D.C**
*under the tree.*
*လွန်ခဲ့သော ညက လမ်းမှာ ကျွန်တော် တွေ့ခဲ့သော ကြောင်နက်သည် သစ်ပင်အောက်မှာ ပြေးခဲ့သည်။*

**Dependent Clause**

Dependent clause တွင် subject နှင့် verb ပါရှိသော်လည်း ပြည့်စုံသော ဝါကျမဟုတ်ချေ။

e.g *that she wanted*
**S V**
*when they played with it.*
**S V**

Dependent clause ကို independent clause နှင့် တွဲ၍ ဝါကျဖြစ်လာသည်။

e.g *The DVD that she wanted was on sale.*
သူမ အလိုရှိခဲ့သော *DVD* ကို ရောင်းချနေပြီ ဖြစ်သည်။

❖ ❖ ❖

mgyoe.com

mgyoe.com

## 2. Verb Forms (ကြိယာပုံစံများ)

Verb သည် ဆောင်ရွက်မှု (Action) ကို ဖော်ပြသည်။
e.g *jump = ခုန်သည်။*

Verb သည် ရှိနေခြင်းကို ပြသည်။
e.g *are, was*

(1) Helping verb (အကူကြိယာ)ကို auxiliary verb ဟုလည်း ခေါ်သည်။ ယင်းသည် main verb ၏ ရှေ့တွင် ရှိသည်။
အောက်ပါ verb များသည် helping verb များဖြစ်ကြသည်။
be, am, is, are, was, were, being, been, has, have, had, do, does, did, can, will, shall, should, could, would, may, might, must

e.g *Many people don't know what they are going to do after college.*
*ကောလိပ်ပြီးရင် သူတို့ ဘာလုပ်မလဲဆိုတာ လူအတော်များများက မသိကြဘူး။*

e.g *I am going to give you step-by-step instructions.*
*တစ်ဆင့်ပြီးတစ်ဆင့် ညွှန်ကြားချက်တွေကို ငါ မင်းကို ပေးမလို့။*

(2) might, must, can, would, and should တို့ကို modal ဟု ခေါ်သည်။
ယင်း modal များတွင် ကျယ်ပြန့်သောအဓိပ္ပာယ်ရှိကြသည်။
(စွမ်းရည်၊ ခွင့်ပြုချက်၊ ဖြစ်နိုင်ခြေ၊ လိုအပ်မှုစသည်...)

e.g (1) *Ko Soe might have gone to the party if he had been invited.*
*သူ့ကို ဖိတ်ကြားခဲ့ရင် ကိုစိုး ပါတီပွဲ သွားနိုင်မှာပဲ။*

mgyoe.com

mgyoe.com

(2) *If I had a million kyats, I would buy a house for my parents.*
*ငါ့မှာ ကျပ်တစ်သန်းရှိခဲ့ရင် ငါ့မိဘတွေအတွက် အိမ်တစ်လုံး ဝယ်လိုက်မှာပဲ။*

Modals အသုံးပြုမှုကို conditional use ဟု ခေါ်သည်။ အဖြစ်အပျက်တစ်ခုသည် နောက်တစ်ခုပေါ် မူတည်သည်။ ဥပမာ(၁)ကို လေ့လာကြည့်လျှင် ကိုစိုးကို ပါတီပွဲ မဖိတ်ခဲ့လျှင် သူသွားနိုင်လိမ့်မည် မဟုတ်ချေ။

(3) To plus the simple form of verb သည် infinitive form ဟု ခေါ်သည်။ To + V-1 ဟု လူသိများသည်။ (–ရန် အဓိပ္ပာယ် သက်ရောက်သည်။)

e.g *He is too tired to go to the hotel.*
*သူသည် ဟိုတယ်သို့ သွားရန် အလွန်ပင်ပန်းသည်။*

Infinitive ကို ဝါကျတစ်ကြောင်း၏ subject (သို့မဟုတ်) object အနေဖြင့် အသုံးပြုနိုင်သည်။

e.g (1) *To invest now seems risky.*
*ယခုအခါ ရင်းနှီးမြှုပ်နှံရန်မှာ စွန့်စားရဟန် ရှိသည်။*
(2) *The teacher told him to leave.*
*ဆရာမက သူ့ကို ထွက်သွားရန် ပြောဆိုခဲ့သည်။*

ပထမဥပမာတွင် To invest သည် subject အနေဖြင့် အသုံးပြုပြီး ဒုတိယ ဥပမာတွင် to leave သည် object အနေဖြင့် သုံးသည်။

The infinite သည် main verb ၏ ဆောင်ရွက်မှုနှင့် တစ်ချိန်တည်း (သို့) နောက်ကျ၍ ဖြစ်ပျက်နေသော ဆောင်ရွက်မှုတစ်ခုကို ပြသရန် အသုံးပြုနိုင်သည်။

e.g (1) *We like to play video games.*
*ကျွန်တော်တို့ဟာ ဗီဒီယိုဂိမ်းများ ကစားရန် နှစ်သက်တယ်။*

mgyoe.com

mgyoe.com


အထက်ပါဥပမာတွင် liking သည် playing နှင့် တစ်ချိန်တည်း ဖြစ်ပျက်မှုကို ပြသည်။

e.g (2) *Phyu Phyu wants to shop at that shopping mall.*

*ဖြူဖြူသည် ထိုရှော့ပင်းမော်လ်တွင် ဈေးဝယ်ထွက်ချင်သည်။*

အထက်ပါ ဝါကျတွင် shopping သည် wanting ထက် နောက်ကျပြီး ဖြစ်သည်ကို ဖော်ပြသည်။

(4) Of ကို helping verb နောက်တွင် အသုံးမပြုပါနှင့်။ အချို့ verb phrase များတွင် နှစ်ခု (သို့) နှစ်ခုထက်ပိုသော verb များ အသုံးပြုသည်။

*e.g Incorrect : They would of stayed one more month if possible.*

*e.g Correct : They would have stayed one more month if possible.*

*ဖြစ်နိုင်လျှင် သူတို့သည် တစ်လ ပိုနေကြလိမ့်မည်။*

**Subject - verb Agreement**

အင်္ဂလိပ်ဘာသာစကားတွင် subject နှင့် verb သည် အရေအတွက်အားဖြင့် အစဉ်အမြဲ agree ဖြစ်သည်။

(1) singular subject သည် singular verb နှင့် agree ဖြစ်သည်။

e.g (1) *The teacher was happy with my answer.*

*ဆရာက ကျွန်တော့်အဖြေကြောင့် ပျော်ရွှင်သွားခဲ့တယ်။*

(2) *My cell phone is not working.*

*ကျွန်တော့်ဆဲလ်ဖုန်း ပျက်နေတယ်။*

(2) plural subject သည် plural verb နှင့် agree ဖြစ်သည်။

e.g *Many television stations have reported that story.*

*တယ်လီဗွီးရှင်းစတေရှင်များက အဲဒီဇာတ်လမ်းကို တင်ပြခဲ့ကြတယ်။*

mgyoe.com

mgyoe.com

(3) တစ်ခါတစ်ရံတွင် subject နှင့် verb ကို a word (သို့) a phrase ဖြင့် ခွဲခြားထားသည်။

e.g (1) *The use of cell phones during concerts is not allowed.*

ပြဇာတ်ကနေစဉ်အတွင်း ဆဲလ်ဖုန်းများ အသုံးပြုမှုကို ခွင့်မပြုချေ။

(4) A compound subject သည် plural verb တစ်ခု လိုအပ်သည်။

e.g *Both Ko Ko and Soe Soe are coming.*

*ကိုကိုနှင့် စိုးစိုး နှစ်ဦးစလုံး လာနေကြပြီ။*

(5) American English တွင် collective noun သည် များသောအားဖြင့် singular subject ဖြစ်သည်။

e.g *Committee (ကော်မတီ)*

*Board of directors (ဒါရိုက်တာအဖွဲ့)*

e.g *The committee is made up of ten people.*

*ကော်မတီကို လူဆယ်ဦးနဲ့ ဖွဲ့စည်းထားတယ်။*

❖ ❖ ❖

mgyoe.com

mgyoe.com

## (3) Pronoun (နာမ်စား)

Pronoun များသည် noun များ၏ နေရာကို ဖော်ညွှန်းသည်။ I, we, him, hers, it, this, that, these, those, what, which, whose တို့သည် pronoun များ ဖြစ်ကြသည်။

Noun များကို ထပ်ခါထပ်ခါ မသုံးရအောင် pronoun ကို သုံးရသည်။

e.g *Do you know the new manager?*

*I don't like the new manager?*

အထက်ပါဝါကျမှာ the new manager နှစ်ခါ သုံးထားသည်။ ယင်းကို pronoun ဖြင့် ဤသို့ ရေးသင့်သည်။

*Do you know the new manager?*

*I don't like him.*

The new manager ကို him ဆိုသော pronoun ဖြင့် အစားထိုးသုံးလိုက်၍ ဝါကျသည် ကျစ်လျစ်ကောင်းမွန်သော writing ဖြစ်လာသည်။

**Rules of pronouns**

**(pronouns များ၏ စည်းမျဉ်းများ)**

1. Pronouns must agree with the nouns they refer to.

နာမ်စားများသည် ယင်းတို့ ရည်ညွှန်းသော နာမ်များနှင့် ကိုက်ညီရမည်။

e.g (1) *Julia reminded us that she would not stay late.*

ဂျူလီယာက သူမ နောက်ကျပြီးနေမှာ မဟုတ်ဘူးလို့ ကျွန်တော်တို့ကို သတိပေးခဲ့တယ်။

ယင်းဥပမာတွင် Julia သည် အမျိုးသမီးဖြစ်၍ pronoun she ကို agree ဖြစ်အောင် သုံးထားသည်။

e.g (2) *Bob bought two computers and had them delivered to his office.*

*ဘော့သည် ကွန်ပျူတာနှစ်လုံးကို ဝယ်ယူခဲ့ပြီး ယင်းတို့ကို သူ့ရုံးခန်းသို့ ပို့ခိုင်းခဲ့ပြီး ဖြစ်သည်။*

mgyoe.com

mgyoe.com

အထက်ပါဝါကျတွင် them ဟူသော pronoun သည် two computers ကို ရည်ညွှန်းဖော်ပြ သုံးစွဲထားသည်။

**2. Some indefinite pronouns are always singular.**
**အချို့ မတိကျသော နာမ်စားများသည် အနည်းကိန်းများ အစဉ်အမြဲ ဖြစ်နေသည်။**

*e.g each, one, every, everyone, everybody, anyone, anybody, anything, someone, somebody, either, neither, nothing, nobody, none, and no one.*

*e.g (1) Neither of the boys has not come yet.*
*ဘယ်ယောက်ျားလေးတွေမှ မလာသေးဘူး။*

Neither သည် မတိကျသော နာမ်စားဖြစ်၍ အနည်းကိန်း (has) လိုက်သည်။

*e.g (2) Everyone must buy his/her own ticket.*
*လူတိုင်းဟာ သူ/သူမရဲ့ လက်မှတ်ကိုယ်စီ ဝယ်ရမယ်။*
Everyone နှင့် agree ဖြစ်သော his/her ကို သုံးရသည်။

**3. Some indefinite pronouns are always plural.**
**အချို့မတိကျသော နာမ်စားများသည် အစဉ်အမြဲ အများကိန်း ဖြစ်ကြသည်။**

*e.g both, many, them*

*e.g (1) Both of them are here tonight.*
*သူတို့နှစ်ဦးစလုံး ဒီညဒီမှာ ရှိကြတယ်။*

e.g (2) Many *of the managers have moved into their new offices.*
*မန်နေဂျာများစွာဟာ သူတို့ရဲ့ ရုံးခန်းသစ်များဆီသို့ ပြောင်းရွှေ့ခဲ့ပြီး ဖြစ်တယ်။*

mgyoe.com

mgyoe.com

**4. Some indefinite pronouns can be singular or plural.**
**တချို့ မတိကျသော နာမ်စားများသည် အနည်းကိန်း (သို့မဟုတ်) အများကိန်း ဖြစ်နိုင်သည်။**

*e.g all, any, more, most, none and some*

*e.g (1) Most of the time is spent reviewing for the test.*
*အချိန်အများစုကို စစ်ဆေးမှုအတွက် ပြန်လည်သုံးသပ်ခြင်းတွင် သုံးစွဲထားသည်။*

အထက်ပါဥပမာတွင် most သည် singular noun ဖြစ်သော time ကို ရည်ညွှန်းသည်။

*e.g (2) Most of the students have passed their exam.*
*ကျောင်းသားအများစုသည် သူတို့၏ စာမေးပွဲကို အောင်မြင်ခဲ့ကြပြီး ဖြစ်သည်။*

*အထက်ပါဥပမာတွင်* most သည် plural noun ဖြစ်သော students ကို ရည်ညွှန်းသဖြင့် have (plural verb) ကို အသုံးပြုထားပြီး plural pronoun ဖြစ်သော their သုံးထားသည်။

**5. Overusing pronouns can cause confusing.**
**နာမ်စားများ ပိုမိုသုံးစွဲခြင်းသည် ရှုပ်ထွေးမှုကို ဖြစ်စေနိုင်သည်။**

*Confusing: The president informed the vice president that all of his supporters should be meeting with him.*

အထက်ပါဝါကျတွင် supporters သည် မည်သူ၏ supporter လဲ။ သမ္မတလား၊ ဒုတိယသမ္မတလား။ ဘယ်သူနဲ့ တွေ့မှာလဲ။ him နှင့် his သည် ဝါကျကို ရှုပ်ထွေးသွားစေခဲ့သည်။ ယင်း pronoun ကို သင့်တော်သောနာမ် (suitable noun) နှင့် အစားထိုးမှသာ ရှင်းလင်းသော ဝါကျ ဖြစ်မည်။

*Clear: The president informed the vice president that all of the president's supporters should be meeting with the president.*

*သမ္မတ၏ ထောက်ခံသူများသည် သမ္မတနှင့် တွေ့ဆုံသင့်သည်ဟု ဒု-သမ္မတကို သမ္မတက အသိပေးခဲ့သည်။*

mgyoe.com

mgyoe.com

6. **Excessive use of "it" weakens writing, especially when "it" is used to introduce a sentence.**
**"it" ကို အပိုအသုံးပြုခြင်းသည် writing (အရေးအသား)ကို အားနည်းစေသည်။ အထူးသဖြင့် it ကို ဝါကျတစ်ကြောင်းနှင့် စတင်မိတ်ဆက်ရန် အသုံးပြုသောအခါတွင် တွေ့ရသည်။**
အောက်ပါဝါကျသည် confusing (ရှုပ်ထွေး)ဖြစ်စေသော ဝါကျဖြစ်သည်။ 'it' အသုံးကြောင့် ဖြစ်သည်။

*e.g We were visiting the museum. I saw it. It was interesting and unusual. I was amazed by it. (confusing)*
*ယင်းဝါကျကို imporve ဖြစ်လိုလျှင် the first 'it' က ဘာလဲဆိုတာ ရှင်းပြခြင်းဖြင့် ရေးသားရမည် ဖြစ်သည်။*

**Clear sentence**

*e.g We were visiting the museum. I saw the space exhibit. It was interesting and unusual. I was amazed by it.*
*ကျွန်တော်တို့ဟာ ပြတိုက်ကို လည်ပတ်နေပါတယ်။ အာကာသပြပွဲကို ကျွန်တော် တွေ့ခဲ့တယ်။ အဲဒါဟာ စိတ်ဝင်စားစရာကောင်းပြီး ထူးဆန်းတယ်။ အဲဒါကြောင့် ကျွန်တော် အံ့အားသင့်ခဲ့ရတယ်။*

7. **When you have nouns joined by a conjunction (and, or, nor), do not forget to make a pronoun that refers to them agree in number.**
**နာမ်များကို စကားဆက် (and, or, nor) ဖြင့် ဆက်သောအခါ ယင်းတို့နှင့် agree ဖြစ်သော နာမ်စားကို အသုံးပြုရမည်။**

*e.g If Mya Mya and Soe Soe want to go, they will need to take the bus.*
*မြမြနဲ့စိုးစိုးဟာ သွားချင်ရင် သူတို့ဟာ ဘတ်စ်ကားစီးဖို့ လိုအပ်လိမ့်မယ်။*

အထက်ပါဥပမာမှာ မြမြနဲ့ စိုးစိုးကို they က refer လုပ်ထားတာ တွေ့နိုင်ပါတယ်။

mgyoe.com

mgyoe.com

**8. It is important to know when to use who, whom, which, or that. Who and whom refer to people. Which refers to things and that can refer to either people or things.**

**Who, whom, which, that ကို ဘယ်အခါ အသုံးပြုမလဲဆိုတာ အရေးကြီးပါတယ်။ Who နဲ့ Whom ကလူပုဂ္ဂိုလ်ကို ရည်ညွှန်းတယ်။ Which က အရာဝတ္ထုတွေကို ရည်ညွှန်းပြီး that က လူပုဂ္ဂိုလ်နဲ့ အရာဝတ္ထုတွေကို ရည်ညွှန်းတယ်။**

*e.g* *(1)* *The committee interviewed all the candidates who applied.*

*ကော်မတီက အလုပ်လျှောက်ထားသူအားလုံးကို အင်တာဗျူးခဲ့တယ်။*

*(2)* *Do you still have the magazine that I lent you yesterday?*

*မနေ့က ငှားခဲ့တဲ့ မဂ္ဂဇင်း မင်းမှာ ရှိနေသေးလား။*

(3) *Which course should I take in this year?*

*ဒီနှစ်မှာ ငါ ဘယ်သင်တန်းတွေ တက်သင့်သလဲ။*

❖ ❖ ❖

mgyoe.com

mgyoe.com

## 4. Possessive Pronouns (ပိုင်ဆိုင်မှုပြနာမ်စားများ)

Possessive pronouns are used to show possession or ownership.

Possessive pronouns တွေဟာ ပိုင်ဆိုင်မှုကို ပြသဖို့ အသုံးပြုတယ်။

1. His, hers, mine, theirs, yours, ours စတဲ့ possessive pronouns တွေ အသုံးပြုတဲ့အခါ ယင်းတို့နဲ့ကိုက်ညီတဲ့ number with the nouns ကို အသုံးပြုရပါတယ်။

*e.g* *(1)* *I have my car, and my father has his.*

*ကျွန်တော့်မှာ ကျွန်တော့်ကားရှိပြီး ကျွန်တော့်အဖေမှာ သူ့ကား ရှိတယ်။*

*(2)* *This is the children's room. All those toys are theirs.*

*ဒါဟာ ကလေးတွေရဲ့ အခန်းဖြစ်တယ်။ အဲဒီအရုပ်အားလုံးဟာ သူတို့ရဲ့ အရုပ်တွေ ဖြစ်တယ်။*

အထက်ပါ ဥပမာတွေမှာ his ဟာ my father ကို ရည်ညွှန်းပြီး theirs ဟာ children ကို ရည်ညွှန်းပါတယ်။

**2. Possessive pronouns do not take an apostrophe.**

**ပိုင်ဆိုင်မှုပြ နာမ်စားတွေမှာ apostrophe သုံးရန် မလိုချေ။**

*Incorrect* : *His' office is on the third floor.*

*Correct* : *His office is on the third floor.*

*သူ့ရုံးခန်းဟာ တတိယထပ်မှာ ရှိတယ်။*

### Other ways to show possession

**ပိုင်ဆိုင်မှုပြသရန် အခြားနည်းလမ်းများ**

1. Apostrophe also show possession.

*e.g* *Mya Mya's cat likes to play with my baby.*

*မြမြရဲ့ကြောင်ဟာ ကျွန်တော့်ကလေးနဲ့ ကစားချင်တယ်။*

mgyoe.com

mgyoe.com

**2. When a noun ends in- s, some writers add only an apostrophe.**

**Noun တစ်ခုဟာ –s နဲ့ဆုံးတဲ့အခါ apostrophe ကိုသာ ထည့်ရပါတယ်။**

e.g *I like James' company.*

*ကျွန်တော်ဟာ ဂျိမ်းစ်ကုမ္ပဏီကို နှစ်သက်တယ်။*

**3. Make sure you put the apostrophe in the right place. Put the apostrophe before the - s if the word is singular.**

**Apostrophe ကို မှန်ကန်သောနေရာတွင် အသုံးပြုပါ။ စကားလုံးဟာ အနည်းကိန်းဖြစ်နေရင် apostrophe ကို -s ရဲ့ရှေ့မှာ ထည့်ပါ။**

e.g *The teacher's desk is in front of the blackboard.*

*ဆရာရဲ့စားပွဲက ကျောက်သင်ပုန်းရဲ့ ရှေ့မှာ ရှိတယ်။*

4. You will put the apostrophe after the - s only if it is a plural word.

**အများကိန်းစကားလုံးဖြစ်လျှင် -s နောက်မှာ apostrophe ကို ထည့်ပါ။**

e.g *I went to a party at my friends' house.*

*ကျွန်တော့်သူငယ်ချင်းတွေရဲ့ အိမ်ရှိ ပါတီပွဲကို ကျွန်တော်သွားခဲ့တယ်။*

**5. When two or more people share ownership, you use an apostrophe and - s on the last noun.**

**နှစ်ယောက် (သို့) နှစ်ယောက်ထပ်ပိုမိုသော ပိုင်ဆိုင်မှုကို မျှဝေသုံးစွဲလိုလျှင် apostrophe ကို နောက်ဆုံးနာမ်ရဲ့ နောက်မှာ သုံးရပါတယ်။**

e.g *Mi Mi and Nyo Nyo's room is very clean.*

*မိမိနဲ့ ညိုညိုရဲ့ အခန်းဟာ အလွန်သန့်ရှင်းတယ်။*

mgyoe.com

mgyoe.com

**6. လူပုဂ္ဂိုလ်တစ်ဦးချင်းစီက သီးခြားပိုင်ဆိုင်မှု (seperate ownership) ကို ဖော်ပြရင် apostrophe ကို ပုဂ္ဂိုလ်တစ်ဦးချင်းစီမှာ သုံးရပါတယ်။**

e.g *Mg Mg's and Soe Soe's dreams are very different.*
*မောင်မောင်နဲ့ စိုးစိုးရဲ့ အိပ်မက်တွေဟာ အလွန်ကွဲပြားခြားနားပါတယ်။*

**7. Noun တစ်ခုကို အများကိန်း ပြုလုပ်တဲ့အခါ apostrophe ကို အသုံးမပြုပါနှင့်။**

e.g *The new student's look confused.*
*(In correct)*
*The new students look confused.*
*ကျောင်းသားသစ်တွေ ကြည့်ရတာ ရှုပ်ထွေးနေပုံရတယ်။*

❖ ❖ ❖

mgyoe.com

mgyoe.com

## 5. Prepositions (ဝိဘတ်များ)

A preposition is a word that is used before a noun or noun phrase to give more information in a sentence.

Preposition (ဝိဘတ်)သည် ဝါကျတစ်ကြောင်းတွင် အချက်အလက် ပိုမိုပေးရန် Noun (နာမ်) (သို့မဟုတ်) နာမ်စကားစု (Noun phrase) မတိုင်ခင် အသုံးပြုသော စကားလုံးတစ်လုံး ဖြစ်သည်။

တစ်စုံတစ်ရာ တည်ရှိခြင်း (သို့မဟုတ်) တစ်စုံတစ်ရာ ဖြစ်ပျက်ခြင်းကို ပြသရန် Preposition များကို များသောအားဖြင့် သုံးလေ့ရှိသည်။

*e.g* *in, among, between, across, at, with, beside, behind, in, into, from, during, before, and after.*

Preposition များသည် နေရာ၊ အချိန်၊ ဆောင်ရွက်မှု (သို့မဟုတ်) လှုပ်ရှားမှုများကို ပြသရန် အသုံးပြုသည်။

* Place (နေရာ)

*e.g (1) The main office is in Yangon.*
*အဓိကရုံးခန်းက ရန်ကုန်မြို့မှာ ရှိတယ်။*

*e.g (2) I'm meeting my friends at the coffee shop.*
*ကော်ဖီဆိုင်မှာ ငါ့သူငယ်ချင်းတွေကို တွေ့မလို့။*

* **Time (အချိန်)**

*e.g (1) Let's try to get there by 3:30.*
*၃ နာရီခွဲမတိုင်ခင် အဲဒီကို ရောက်ဖို့ ကြိုးစားကြစို့။*

*(2) Please do not talk during the show.*
*ရှိုးပွဲပြနေစဉ် အတောအတွင်း ကျေးဇူးပြုပြီး စကားမပြောကြပါနဲ့။*

* **Action (or) movement ဆောင်ရွက်မှု (သို့) လှုပ်ရှားမှု**

*e.g He jumped into the river.*
*သူ မြစ်ထဲသို့ ခုန်ဆင်းခဲ့တယ်။*

mgyoe.com

mgyoe.com

*We flew from Yangon to Mandalay.*
*ကျွန်တော်တို့ဟာ ရန်ကုန်မှ မန္တလေးသို့ လေယာဉ်ပျံနဲ့ သွားခဲ့တယ်။*

- Some verbs and adjectives are usually followed by certain prepositions.
  အချို့ verb နဲ့ adjective တွေရဲ့နောက်မှာ တချို့ preposition တွေ လိုက်ပါတယ်။

*e.g* (1) *They always argue about money.*
*သူတို့ဟာ အစဉ်အမြဲ ငွေကြေးနဲ့ပတ်သက်လို့ ငြင်းခုံဆွေးနွေးကြတယ်။*

(2) *I borrowed a book from the library.*
*ကျွန်တော်ဟာ စာကြည့်တိုက်မှ စာအုပ်တစ်အုပ် ငှားခဲ့ပါတယ်။*

- အချို့ words တွေက preposition နဲ့ အတူတွဲသုံးကြသည်။

| | | | |
|---|---|---|---|
| *e.g* | *familiar with* | = | *အကျွမ်းတဝင်ဖြစ်သော* |
| | *afraid of* | = | *ကြောက်ရွံ့သော* |
| | *far from* | = | *ဝေးကွာသော* |
| | *close to* | = | *နီးကပ်သော* |
| | *believe in* | = | *ယုံကြည်သည်* |
| | *lend to* | = | *ချေးငှားသည်* |
| | *made of* | = | *ပြုလုပ်ထားသော* |
| | *happy with* | = | *ပျော်ရွှင်သည်* |
| | *famous for* | = | *ထင်ရှားသော* |

- Prepositions are used to show relationships between a noun and other parts of a sentence.
  Preposition များသည် noun နှင့် ဝါကျ၏ အခြားအစိတ်အပိုင်းများ အကြား ဆက်သွယ်မှုကို ပြသရန် အသုံးပြုသည်။

mgyoe.com

mgyoe.com

## Articles

A, an, and , the တို့သည် articles များဖြစ်သည်။ Article များသည် noun (သို့မဟုတ်) modifier ရှေ့က လာသည်။ Modifier ဟူသည် noun တစ်ခုကို ပိုမိုရှင်းလင်းပြီး တိကျစေရန် အသုံးပြုသော စကားလုံး ဖြစ်သည်။ Modifier သည် ဘယ်လောက်များများ (သို့မဟုတ်) မည်သည့်အရာတစ်ခုလဲဆိုတာ ဖော်ညွှန်းသည်။

*e.g* *an apple,* *the house*
*a car,* *an old house*

A နှင့် an ကို indefinite article ဟု ခေါ်သည်။ The ကို definite article ဟု ခေါ်သည်။

**The use of a and an**

A သို့မဟုတ် an ကို singular noun ရှေ့တွင် သုံးသည်။

*e.g (1) Mya Mya must write an essay for her writing class today.*
*မြမြဟာ ဒီနေ့ သူမရဲ့ အရေးသင်တန်းအတွက် အက်ဆေး တစ်ပုဒ် ရေးရမယ်။*

*(2) A newspaper is a good source of information on current events.*
*သတင်းစာတစ်စောင်ဟာ လက်ရှိအဖြစ်အပျက်တွေရဲ့ ကောင်းမွန်တဲ့ သတင်းအချက်အလက် အရင်းအမြစ်တစ်ခု ဖြစ်ပါတယ်။*

- Article နောက်တွင်လိုက်သော modifier (သို့) noun သည် consonant sound နှင့် စလျှင် article ' a ' ကို သုံးရသည်။

*e.g a basketball (noun)*
*a new automobile (modifier)*

- Noun (သို့) modifier သည် vowel sound (a, e, i, o,u) နှင့်စလျှင် article ' an ' ကို သုံးရသည်။

*e.g an elephant (noun)*
*an old truck (modifier)*

mgyoe.com

mgyoe.com


- Noun သည် ရေတွက်၍ရလျှင် a/an ကို သုံးရသည်။

e.g (1) *I received a letter from my sister.*
*ကျွန်တော့်ညီမထံမှ စာတစ်စောင် လက်ခံရရှိခဲ့တယ်။*

(2) *Sending an email is a fast way to communicate with classmates.*
*အီးမေးလ်တစ်စောင် ပို့ခြင်းဟာ အတန်းဖော်တွေနဲ့ ဆက်သွယ်ဖို့ မြန်ဆန်တဲ့နည်းလမ်းတစ်ခု ဖြစ်တယ်။*

- တစ်ခါတစ်ရံတွင် noun (သို့) modifier သည် vowel letter နှင့် စသော်လည်း vowel sound မဟုတ်ချေ။

e.g *This will be a one-time charge to your account.*

The use of 'the'

'The' is used before singular and plural nouns when the noun is a particular or specific noun.

Noun သည် သီးခြား (သို့) တိကျသော noun ဖြစ်သောအခါ အနည်းကိန်းနှင့် အများကိန်းနာမ်များရှေ့တွင် 'the' ကို သုံးသည်။ Which one? (or) What? မေးခွန်းကို ဖြေလျှင် article 'the' ကို သုံးသည်။

e.g (1) *The art class that I want to take is taught by a famous painter.*
*ကျွန်တော် တက်ရောက်ချင်တဲ့ ပန်းချီသင်တန်းကို ထင်ရှားတဲ့ ပန်းချီဆရာတစ်ဦးက သင်ကြားပါတယ်။*

(2) *The students in Mrs. Jones's class do not want to participate in the debate.*
*မစ္စစ်ဂျုံးရဲ့ အတန်းက ကျောင်းသားတွေဟာ စကားရည်လုပွဲမှာ မပါချင်ကြဘူး။*

- The ကို အောက်ပါနည်းလမ်းများတွင် သုံးသည်။

– လူတိုင်းသိထားသော အရာများကို ရည်ညွှန်းချင်လျှင် the ကို သုံးသည်။
*e.g the sky, the stars*

mgyoe.com

mgyoe.com

- အနှိုင်းမဲ့သော/ တစ်ခုတည်းရှိသော အရာများကို ရည်ညွှန်းချင်လျှင် the ကို သုံးသည်။
  *e.g the White House (အိမ်ဖြူတော်)*
- အချိန်ကို ရည်ညွှန်းချင်လျှင် the ကို သုံးသည်။
  *e.g the past, the present, the future*

**When not to use an article**
**(Article ကို အသုံးမပြုသောအခါ)**

▶ Noun ကို ရေတွက်၍ မရလျှင် noun ရှေ့တွင် a/ an ကို အသုံးပြု၍ မရချေ။

e.g *I like to drink milk.*
*(Milk သည် ရေတွက်၍မရသောနာမ်ဖြစ်သည်။)*
အကယ်၍ milk သည် တိကျသောအရေအတွက်ကို ဖော်ပြလျှင် article ကို သုံးရမည်။

e.g *I like to drink a glass of milk before I go to bed.*
*ကျွန်တော် အိပ်ရာမဝင်ခင် နွားနို့တစ်ခွက် သောက်ချင်တယ်။*

▶ စိတ္တဇနာမ် (anger/beauty/ love) ကို ကိုယ်စားပြုသော noun များရှေ့တွင် a/an သုံး၍ မရချေ။

e.g (1) *Love is a difficult emotion to describe, in words.*
*အချစ်သည် စကားလုံးများနှင့် ဖော်ပြရန် အခက်ခဲဆုံး စိတ်ခံစားမှု ဖြစ်သည်။*

(2) *Money alone cannot buy happiness.*
*ငွေကြေးသက်သက်က ပျော်ရွှင်မှုကို မဝယ်ယူနိုင်ပါ။*

▶ Plural noun ကို ယေဘုယျခံစားမှုအနေဖြင့် အသုံးပြုသောအခါ the ကို အသုံးမပြုချေ။

e.g Computers are helpful tools for student writers.
*ကွန်ပျူတာများသည် ကျောင်းသားစာရေးဆရာများအတွက် ကူညီပေးသော ကိရိယာများ ဖြစ်သည်။*

mgyoe.com

mgyoe.com

## 6. Other Determiner Errors
## (အခြား determiners အမှားများ)

- This, that, these and those တို့သည် Adjectives များဖြစ်ပြီး noun ကို modity ပြုလုပ်သည်။ Noun နောက်တွင် "which one" ဟု ပြောခြင်းဖြင့် လိုက်ပါသည်။

- This နှင့် that သည် singular noun ကို modify လုပ်ပြီး these နှင့် those သည် plural noun ကို ဖော်ညွှန်းသည်။

e.g (1) *I would buy this house for that reason.*
*အဲဒီအကြောင်းရင်းအတွက် ဒီအိမ်ကို ကျွန်တော် ဝယ်ရလိမ့်မယ်။*

(2) *These kinds of technologies will affect people's behavior.*
*နည်းပညာတွေရဲ့ အဲဒီအမျိုးအစားတွေက လူတွေရဲ့ အပြုအမူကို သက်ရောက်စေလိမ့်မယ်။*

<u>မှားယွင်းသော နှိုင်းယှဉ်မှု</u>

- \- er than သည် နှိုင်းယှဉ်မှုကို ဖော်ပြသည်။ -er than သုံးသော ဝါကျတွင် more ကို အသုံးပြု၍မရချေ။

e.g *The boy with the red hair is more taller than the girl with the black hair. (Incorrect)*

အထက်ပါဝါကျကို ဤသို့ ရေးရမည်။

*The boy with the red hair is taller than the girl with the black hair. (Correct)*

mgyoe.com

mgyoe.com

- -est ပါရှိသောစကားလုံးကို the + est + N ပုံစံဖြင့် သုံးလေ့ရှိသည်။ -est ရှေ့တွင် the most ကို သုံး၍မရချေ။

  e.g *Bo Bo thinks that Mary is the most prettiest girl in school.*
  *(Incorrect)*

  အထက်ပါဝါကျကို ဤသို့ ရေးရမည်။

  e.g *Bo Bo thinks that Mary is the prettiest girl in school.*
  *(Correct)*

- တစ်စုံတစ်ရာကို နောက်တစ်မျိုးနှင့် နှိုင်းယှဉ်သောအခါ -er ကို အသုံးပြုသည်။

e.g *Today it is hot, but yesterday it was even hotter.*
*ယနေ့ပူသည်။ သို့ရာတွင် မနေ့က ပိုလို့တောင် ပူသည်။*

- သုံးခု (သို့မဟုတ်) ယင်းထက်ပိုမိုသော အရာများ နှိုင်းယှဉ်ရာတွင် -est ကို သုံးသည်။

e.g *The girl in the back of the room is the tallest girl in her entire class.*
*အခန်းရဲ့ အနောက်မှာရှိတဲ့ မိန်းကလေးဟာ သူမရဲ့ အတန်းတစ်တန်းလုံးမှာ အရပ်အရှည်ဆုံး ဖြစ်တယ်။*

- Two or more syllables ရှိသော စကားလုံးများ (intelligent, talented) ရှေ့တွင် more (သို့) the most ကို အသုံးပြုရသည်။

e.g *The judges must decide which of the two remaining singers is more talented.*
*ကျန်ရှိနေတဲ့ အဆိုတော်နှစ်ဦးအနက် မည်သူက ပိုမိုပါရမီ ရှိသည်ကို ဒိုင်များက ဆုံးဖြတ်ရမည် ဖြစ်သည်။*

mgyoe.com

mgyoe.com


(More သည် နှစ်ခုနှိုင်းယှဉ်ရာတွင် သုံးသည်။)

- The most သည် နှစ်ခုထက်ပိုမိုသော အရာများ နှိုင်းယှဉ်ရာတွင် သုံးသည်။

e.g *Of the three new students, John is the most intelligent.*
*ကျောင်းသားသစ် (၃)ဦးအနက် ဂျွန်က ဉာဏ်အထက်မြက်ဆုံး ဖြစ်တယ်။*

- နှစ်ခုသော အရာများ၏ အနုတ်လက္ခဏာဆောင်သော အသုံးပြုမှု (negative use) ကို နှိုင်းယှဉ်ရာမှာ less ကို သုံးသည်။

e.g *The third-floor apartment is less costly than the first-floor apartment.*
*တတိယထပ်ရှိ တိုက်ခန်းက ပထမထပ်ရှိ တိုက်ခန်းထက် ကုန်ကျစရိတ် ပိုသက်သာတယ်။*

- သုံးခု (သို့မဟုတ်) သုံးခုထက်ပိုသော အရာများ၏ အနုတ်လက္ခဏာဆောင်သော အသုံးပြုမှုကို နှိုင်းယှဉ်ရာမှာ the least ကို သုံးသည်။

e.g *Of the three colleges that I've visited, this one is the least expensive.*
*ကျွန်တော် လည်ပတ်ခဲ့တဲ့ ကောလိပ်သုံးခုအနက် ဒီတစ်ခုကတော့ ဈေးအနည်းဆုံးပဲ ဖြစ်တယ်။*

## Nonstandard Verb or Word Form

- နေ့စဉ် ပြောဆိုနေသော စကားပြောခန်းများတွင် စံမဝင်သော ကြိယာ (သို့) စကားလုံးပုံစံများဖြင့် ပြောဆိုမှုများ ရှိကြသည်။
ဥပမာ- gotta, gonna, wanna, kahda etc
ယင်းတို့သည် Informal Words များ ဖြစ်သည်။ ယင်းတို့ကို Standard Written English တွင် အသုံးမပြုသင့်ချေ။

e.g *I told her I gotta go to school now.*
*(Nonstandard)*

mgyoe.com

*Correct : I told her I have got to go to school now.*
ကျောင်းကို အခုသွားရမယ်လို့ သူမကို ကျွန်တော်ပြောခဲ့တယ်။

*Nonstandard : Do you wanna go to college?*
*Correct : Do you want to go to college?*
မင်းကောလိပ်သွားချင်လို့လား။

❖ ❖ ❖

mgyoe.com

mgyoe.com

## 7. Homonyms (သံတူကြောင်းကွဲ စကားလုံးများ)

- အချို့စကားလုံးများသည် သံတူကြောင်းကွဲ စကားလုံးများ (homonyms) အဖြစ် လူသိများကြသည်။ ယင်းစကားလုံးများသည် အသံတူသော်လည်း အဓိပ္ပာယ် (meaning)၊ စာလုံးပေါင်း (spelling) နှင့် (usage) တို့တွင် ကွဲပြားခြားနားကြသည်။

- Homonyms တွင် ပုံစံနှစ်မျိုး ရှိသည်။ ပထမအုပ်စုမှာ စာလုံးပေါင်း (spelling) တူကြသည်။ အဓိပ္ပာယ် ကွဲသည်။ ယင်းကို homographs ဟုခေါ်သည်။
  *e.g bear*

ဒုတိယအုပ်စုမှာ အသံတူသည်။ အဓိပ္ပာယ် ကွဲပြားသည်။ Spelling ကွဲပြားသည်။ ယင်းတို့ homophones ဟု ခေါ်သည်။
*e.g whole/ hole*

- Whole သည် adjective ဖြစ်ပြီး complete ပြည့်စုံသောဟု အဓိပ္ပာယ်ရသည်။ Hole မှာ noun ဖြစ်ပြီး အပေါက်ဟု အဓိပ္ပာယ်ရသည်။

- Homograph ဖြစ်သော bear တွင် bear (n) သည် ဝက်ဝံဟု အဓိပ္ပာယ်ရပြီး bear (v) သည် (to carry) သယ်ဆောင်သည်ဟု အဓိပ္ပာယ်ရသည်။
  ထို့ကြောင့် writing ပြုလုပ်ရာတွင် သင့်တော်သော စကားလုံးများကို ရွေးချယ်သုံးရမည် ဖြစ်သည်။

**(1) here/hear**

**here (adv) - in the place** (ဒီနေရာမှာ)

*e.g We have been waiting here for an hour.*
*ငါတို့ ဒီနေရာမှာ စောင့်နေတာ တစ်နာရီ ကြာပြီ။*

mgyoe.com